
ကျော်အောင်
ဂဏမည်သောကျား
A TIGER FOR MALGUDI
R.K Narayan

## ဦးကျော်အောင် (၁၉၂၇-၂၀၀၀)

ပခုက္ကူမြို့ ပေါင်းလောင်းရှင်ရပ် အဖ ဦးကြင်မောင်း အမိ ဒေါ်တင်မြင့်တို့ က ၁၉၂၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်နေ့တွင် မွေးဖွားသည် ။ ငယ်မည်မှာ အောင်ကြည်၊ အမည်ရင်း ဦးကျော်အောင် ဖြစ်သည် ။

ငါးနှစ်အရွယ်မှ ရှစ်တန်းအောင်သည် အထိ ပခုက္ကူမြို့ ဝက်ဇလီကျောင်းတွင် ပညာ သင်ကြားသည် ။ ရှစ်တန်းအောင်သည့်နှစ်တွင် စစ်ဖြစ်သည် ။ ၁၉၄၆ တွင် တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်ပြီး ဆေးတက္ကသိုလ်သို့ တက်ရောက်သည် ။ သို့သော် နောက်ပိုင်းတွင် ဝိဇ္ဇာပညာရပ်သို့ ပြောင်းလဲ သင်ကြားသည် ။ ၁၉၅၄ တွင် ရန်ကုန်တက္ကသိုလ်က ဝိဇ္ဇာဘွဲ့ ရရှိသည် ။

၁၉၄၄ ခုတွင် ဗမာ့တပ်မတော်သို့ ဝင်သည် ။ ပဥ္စမပတ် ဗိုလ်သင်တန်း တက်သည် ။ ၁၉၄၅ ခု ဖက်ဆစ်တော်လှန်ရေးတွင် တိုင်း(၁) ၁၀၃ တပ်ရင်း၌ ပါဝင် တိုက်ခိုက်ခဲ့သည် ။ ပခုက္ကူခရိုင် ပြည်သူ့ရဲဘော်အဖွဲ့ အတွင်းရေးမှူး (၁၉၄၆)၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ အမှုဆောင် (၁၉၄၇-၄၉)၊ စာပေစသ်မဂ္ဂဇင်း အယ်ဒီတာအဖွဲ့ဝင် (၁၉၅၀)၊ မြန်မာ-ဆိုဗီယက် ယဉ်ကျေးမှုအသင်း၏ အတွင်းရေးမှူး (၁၉၅၂-၅၃)၊ တက္ကသိုလ် ဘာသာပြန်ဌာန (၁၉၅၅-၅၆)၊ သမိုင်းကော်မရှင် (၁၉၅၆-၅၇)၊ တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန (၁၉၅၇-၈၇) တို့ တွင် တာဝန် ထမ်းဆောင် ခဲ့သည် ။

မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီဝင်၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း အဖွဲ့ ဥက္ကဌ (၂၂၊ ၆၊ ၉၈ မှ ၁၃၊ ၂၊ ၂၀၀၀ ထိ) ဆောင်ရွက်ခဲ့သည် ။

၁၉၄၇ တွင် ပြည်သူ့ရဲဘော်ဂျာနယ်၌ စာ စတင်ရေးသည် ။ ပင်ကိုရေး ဝတ္ထုများ တွင် နိဗ္ဗာန်ဘုံ ပျောက်ဆုံးခြင်း၊ အနီထဲက ကြယ်ဖြူပွင့်နှင့် သမဂ္ဂအလံတော်အောက်ဝယ်တို့ သည် လည်းကောင်း၊ ဘာသာပြန်ဝတ္ထုများ တွင် မြစ်ကမ်းပေါ်က စက်ရုံကလေး၊ အမှောင်ခေတ်က ချစ်သူများ ၊ နှလုံးလှဆရာဝန်၊ မာကိုပိုလို၊ အကောင်းမြင်သမားတို့ သည် လည်းကောင်း၊ ကျမ်းစာအုပ်များ တွင် ကမ္ဘာ့ဂန္ထဝင် တစ်ဆယ်နှင့် ကမ္ဘာကျော်စာအုပ် ၁၀၀ တို့ သည် လည်းကောင်း ထင်ရှားသည် ။ တောရိုင်းမြေ [၁၉၇၁ အမျိုးသား စာပေဆု (ဘာသာပြန်)]။ အရေးကြီးပြီ သွေးစည်းကြစို့ [၁၉၇၁ အမျိုးသား စာပေဆု (ဝတ္ထုရှည်)]၊ အို ဂျေရုဆလင် [၁၉၉၅ အမျိုးသားစာပေဆု (ဘာသာပြန်၊ သုတ)]၊ နေဝင်ဘုရင်များ [၁၉၉၈ အမျိုးသား စာပေဆု (ဘာသာပြန်၊ သုတ)] ရရှိခဲ့သည် ။ ၁၉၈၆ တွင် နိုင်ငံ့ဂုဏ်ရည် ဒုတိယအဆင့်၊ အရှေ့တောင်အာရှ စာပေဆု [၁၉၉၉] ချီးမြှင့်ခဲ့ရသည် ။

၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သည် ။

***

# နိဒါန်း

အလဟာဘတ်မြို့ အနီးတွင် ဂင်္ဂါမြစ်၊ ယမုံနာမြစ်နှင့် ဆရဆွတီမြစ် သုံးစင်းတို့ ပေါင်းဆုံသည့် နေရာတစ်ခု ရှိသည် ။ ထိုနေရာတွင် ဆယ့်နှစ်နှစ် တစ်ကြိမ် ကုမ္ဘမေလာ ပွဲတော်တစ်ခု ကျင်းပလေ့ရှိသည် ။ လူများ စွာတို့ သည် ထိုပွဲတော် ရာသီတွင် မြစ်သုံစင်း ဆုံရာ၌ စုဝေးကာ ရေချိုးမင်္ဂလာပွဲ ဆင်နွဲကြသည် ။ များ စွာသော လူစုလူဝေးနှင့်အတူ ရသေ့တစ်ပါးသည် ကျားတစ်ကောင်ကို အဖော်ပြုကာ ထိုနေရာသို့ ရောက်လာသည် ။ သူနှင့် ပါလာသည့် ကျားကို ကြိုးချည်၍ မထား၊ သည် အတိုင်း ခေါ်ဆောင်လာသည် ။ သူတို့ နှစ်ဦးမှာ ယခင်ဘဝက ညီအစ်ကို တော်စပ်ခဲ့ကြသဖြင့် ကျားကို အနှောင်အဖွဲ့ မလုပ်ချင်ဟု ရသေ့က ဆိုသည် ။ ကျားသည် မည်သူ့ကိုမျှ ရန်မမူ၊ လွတ်လွတ် လပ်လပ် သွားလာနေသည် ။

လူနှင့်ကျား ယခုလို အဆွေခင်ပွန်း ဖွဲ့ကာ သွားလာနေသည့် အကြောင်းကို သတင်းစာ၌ ကျွန်တော် ဖတ်ရသည် ။ ဓာတ်ပုံကိုလည်း မြင်ရသည် ။ ထူးဆန်းပေစွ၊ မယုံကြည်နိုင်စရာပင်။ သို့သော်လည်း ဒါမျိုးလည်း ဖြစ်နိုင်သည် ဟူ၍ တွေးမိသည့်အခါ ထိုအကြောင်းကို ဝတ္ထုရေးဖွဲ့ရသော် ကောင်းမည်ဟု စိတ်ကူးပေါ်လာသည် ။ ပြီးတော့ လူနှင့်ကျား။ မိတ်ဆွေ ဖြစ်လျက် မတူနေကြသည့် သာဓက နှစ်ခု၊ သုံးခုကိုလည်း ကြားဖူးသည် ။ ကျားအကြောင်း ဝတ္ထုရေးမည်

စိတ်ကူးမိသည် မှာ ကာလအတန်ကြာပြီ။ မရေးဖြစ်ခဲ့။ လွန်ခဲ့သည့် တစ်နှစ်လောက်ကမူ စာအုပ်တစ်အုပ် ဖတ်သည့်အခါ စာမျက်နှာမှတ်သည့် ကတ်ထူပြားတစ်ခုတွင် ကျားငယ်လေး တစ်ကောင်၏ ပုံကို တွေ့ရသည် ။ သူက 'ကျွန်တော့်အကြောင်း စာအုပ်ကောင်း တစ်ခုဖြစ်အောင် ရေးပါလား' ဟု ကျွန်တော့်အား တောင်းပန်သည် ။ ဖန်တီး လှုံ့ဆော်သည့် အရှိန်အစော်တစ်ခုက သတိပေးသည် ဟု စိတ်မှာ ထင်မိသည် ။ ကဗျာနတ်သမီးသည် ဝတ္ထုရေးဆရာများကို စိတ်ဝင်စားခဲ့သည် ဆိုလျှင် ကျွန်တော့်ကို ကဗျာနတ်သမီးက ဖမ်းစားပြီ ထင်မိသည် ။ သို့ဖြစ်ရာ ချက်ချင်းပင် ကျားငယ်လေးအား 'အေး၊ မင်းအကြောင်း ဝတ္ထုထဲ ထည့်ရေးမယ်။ ဒါပေမဲ့ ကောင်း၊ မကောင်းတော့ အာမ မခံနိုင်ဘူးနော်' ဟု ပြောလိုက်သည် ။

လူတို့ ပြုမူပြောဆို လှုပ်ရှားပုံတို့ မှာ ဝတ္ထုရေးဆရာတို့ ဇာတ်လမ်းဖွဲ့စရာများ ဖြစ်လာခဲ့သည် ။ ဝတ္ထုရေးဆရာသည် လူ့အကြောင်းကိုသာ ရေးချင်သည် ။ သို့ရာတွင် ခြွင်းချက်တော့ ရှိသည် ။ လူဆိုသည် ကိုယ့်ကိုယ်ကိုယ် အလွန်ဟုတ်လှပြီဟု ထင်နေသူ ဖြစ်သည် ။ သူသာ အရေးကြီးသည် ၊ အရာရောက်သည် ဟု ထင်နေတတ်သည် ။ အခြားသတ္တဝါများမှာ အသံထွက်ကာ စကားမပြောတတ်ကြသော်လည်း လူတို့ နည်းတူပင် အတ္တစိတ်၊ ထင်ပေါ်လိုစိတ် ရှိပါကလား၊ လောကမှာ ရှိနေသည့် အရာဝတ္ထုတွေကို တန်ဖိုး ထားတတ်ပါကလား၊ အချင်းချင်း ဆက်သွယ်နိုင်ကြပါကလား ဟူ၍ အနည်းငယ်မျှ လူတို့ စိတ်ကူးထဲမှာ မပေါ်လာကြ။ လူက သူသာ အရေးကြီးသည် ဟု ထင်နေသည် ။ ကမ္ဘာပေါ်တွင် ဖန်ဆင်းထားသည့် အရာရာသည် သူ့အတွက် ကစားစရာများ ၊ ဖြေဖျော်စရာများ ၊ ပျော်ရွှင်မြူးထူးစရာများ ၊

စည်းစိမ်ခံစရာများ ၊ အာဟာရအဖြစ် စားသုံး မှီဝဲစရာများ သာ ဖြစ်သည် ဟု ယူဆထားသည် ။ တစ်ခါက ငှက်ခတ်သမားတစ်ယောက်သည် ချစ်တင်းနှီးနှောနေသည့် ငှက်မောင်နှံအနက် တစ်ကောင်ကို ပစ်ချလိုက်ရာ ကျန်တစ်ကောင်မှာ ဆောက်တည်ရာမရ ဖြစ်နေသည် ။ ထိုအဖြစ်ကို ရာမယန မဟာကဗျာကြီးဖွဲ့ဆိုသည့် ဝါလမိကိ ရသေ့ကြီး တွေ့မြင်ခဲ့သည် ။ ထိုအခါ ရသေ့ကြီးက "အပြစ်ကင်းမဲ့တဲ့ သတ္တဝါလေးတွေရဲ့ ပျော်ရွှင်မှုကို ဖျက်ဆီးတဲ့ လူဆိုတဲ့ သတ္တဝါတွေ" ဟု ကြွေးကြော်ခဲ့ဖူးသည် ကို အမှတ်ရမိသည် ။ သို့ဖြစ်ရာ ကျွန်တော့်ဝတ္ထုတွင် ကျားတစ်ကောင်ကို အဓိက ဇာတ်ဆောင်နေရာ၌ ထား၍ ရေးဖွဲ့မည်ဆိုလျှင် မည်သို့ အဖြေ ထွက်လာမည်နည်း ဟူ၍လည်း စိတ်ကူးတစ်ခု ဖြစ်ပေါ်မိသည် ။

သို့ဖြစ်ရာ နောက်ရေးဖွဲ့မည့် ကျွန်တော့်ဝတ္ထုထဲက အဓိက ဇာတ်ဆောင် အကြောင်းကို သတင်းစာ ဆရာတစ်ဦးအား ပြောပြမိသည် ။ သူက ‘ဘာဖြစ်လို့ ကျားကို ဇာတ်ဆောင်နေရာ ထားမှာလဲ၊ ကြွက်ဆိုရင် မကောင်းဘူးလား’ ဟု ကျွန်တော့်အား မေးသည် ။ ‘ဒါက ဒီလိုပါ၊ ကျားဆိုတော့ အကောင်ကြီးတယ် မဟုတ်လား။ ဒီတော့ နင်းလို့ ခြေလို့ မရဘူးပေါ့ဗျာ။ ပြီးတော့လည်း ကျားဆိုတော့ တွင်းထဲ ဝင်ပြေးမသွားနိုင်ဘူး မဟုတ်လား။ ထင်ထင်ရှားရှား မြင်သာတာပေါ့’ ဟူ၍ သာ အဖြေပေးနိုင်သည် ။

****

ကျွန်တော်၏ ဝတ္ထုတွင် အိုမင်းပြီဖြစ်သော ကျားတစ်ကောင်သည်

လှောင်အိမ် အတွင်း လဲလျောင်းရင်း သူ့ဘဝထုပ္ပတ်ကို ပြန်လည်စဉ်းစားသည် က စ၍ ဇာတ်လမ်း စထားသည် ။ ငယ်ငယ်က တောကြီးမျက်မည်းထဲတွင် လွတ်လပ်စွာ သွားလာခဲ့ပုံ။ နောင်အခါ ဆပ်ကပ်ထဲ ပါဝင် အသုံးတော်ခံခဲ့ပုံ၊ ထို့နောက် ရုပ်ရှင်ရိုက်သည့် အခန်းတစ်နေရာမှ လွတ်ထွက်ပြေးကာ မြို့ထဲ ရောက်လာသည့်အခါ အနှောင်အဖွဲ့မှ လွတ်မြောက်လာပုံ။ ကြောက်ရွံ့ထိတ်လန့်နေသော မြို့သူမြို့သားတို့ က သူ့ကို ပစ်သတ်ရန် ကြိုးစားကြသည် တွင် သူတော်စင် တောထွက်တစ်ဦး ပေါ် လာပြီး သူ့ကို ကယ်တင်ပုံ။ ထို့နောက် သူတို့ နှစ်ဦး မိတ်ဆွေဖြစ်သွားကြပုံတို့ ကို ဖော်ပြထားသည် ။

သူတော်စင် တောထွက်ကို မြို့သူမြို့သားတို့ မြင်ကြသည့်အခါ ထုံးစံအတိုင်း သူက ဘယ်သူလဲ၊ ဘယ်က လာတာလဲ ဟု သိချင်ကြသည် ။ သူ့ကို ထိုမေးခွန်း မေးသည့် အခါတိုင်း သူက ‘အဲဒါကို ကျုပ်ကိုယ်တိုင် သိချင်နေတာပဲ’ ဟူ၍ သာ အဖြေပေးသည် ။ ဤသည် မှာ အဘိဓမ္မာဆန်သည့် ဆင်ဗုံ့ရန်ရှောင် အဖြေမျိုး၊ စကားမျိုး ဖြစ်သည် ။ သို့သော် ဤအဖြေသည် ရိုးသည် ၊ စင်းသည် ။ အမေးကို ဟုတ်တိုင်းမှန်ရာ တဲ့ တိုးဖြေသည့် အဖြေမျိုး ဖြစ်သည် ။ လူသည် မိမိကိုယ်မိမိ နားလည်ချင်သည် ။ မိမိဘဝကို ဆင်ခြင် သုံးသပ်လိုစိတ် ပြင်းထန် လာပြီ ဆိုလျှင် ဘဝဟောင်းကို စွန့်မှ ဖြစ်မည်ဟု ခံယူလာသည် ။ ဘဝဟောင်းက အတွေးအမြင် အားလုံးကိုလည်း စွန့်မှ ဖြစ်မည်။ ထိုအခါ သူသည် သူတော်စင် တောထွက်ရဟန်း ဖြစ်လာသည် ။ အရညဝါသီ၊ ဆာဒူး သို့မဟုတ် ဆွာမိဂျီး ဆိုသော ဝေါဟာရတို့ ၏ အနက် အဓိပ္ပာယ်တို့ မှာ အတူတူပင် ဖြစ်သည် ။

အရညဝါသီ ဆိုသည် လောကီစည်းစိမ် အားလုံးကို စွန့်ပယ်ကာ ဘဝသစ်တစ်ခုသို့ ကိုယ်ရောစိတ်ပါ ကူးပြောင်းသွားသူ ဖြစ်သည် ။

ဘယ်အချိန်မှာ အရည ဝါသီ ဖြစ်သွားနိုင်သလဲ ဆိုသည် ကိုမူ တပ်အပ်သေချာပြောဖို့ ခက်သည် ။ လွယ်လွယ်ပြော၍ မရ။ လူတစ်ယောက် အဖို့ စိတ်ဓာတ် အကြီးအကျယ် ကျစရာအဖြစ်မျိုး ကြုံရလျှင်၊ သို့မဟုတ် စိတ်ထိခိုက်ပြီး ပူဆွေး ဒုက္ခရောက်လျှင်၊ သို့မဟုတ် ဘဝအမြင်တစ်ခုကို နှစ်နှစ်ကာကာ ယုံကြည် ခံယူလာပြီဆိုလျှင်၊ သို့မဟုတ် လျှပ်ပြက်သလို ဉာဏ်အမြင်တစ်ခု ရ လာပြီဆိုလျှင် အပြောင်းအလဲကြီး တစ်ခုခုကို လိုချင်လာသည် ။ ဘဝသစ်တစ်ခုသို့ ပြောင်းဖို့ ကြိုးစားလာသည် ။ မည်သည့်အကြောင်းကြောင့်ဖြစ်စေ တစ်စုံ တစ်ယောက်သည် အရည ဝါသီ ဖြစ်လာပြီဆိုလျှင် သူသည် သူ့အတိတ်ကို ပြည်ဖုံးကားချကာ မေ့ထားလိုက်သည် ။ အရည ဝါသီ ဆိုသည် ယခု အခိုက်အတန့်တွင် တည်ရှိနေသည့် ဘဝတစ်ခုသာ ဖြစ်သည် ။ အရည ဝါသီ တစ်ယောက်အား အတိတ်ကို ဆောင်ပါဟု တိုက်တွန်း၍ မရနိုင်။ ဘယ်တော့မျှ သူ့အတိတ်ကို ထုတ်ဖော်ပြောပြလိမ့်မည် မဟုတ်။ အရည ဝါသီ တစ်ယောက်အား နာမည်ကိုပင် မမေးရ။ မေးလျှင် အလွန်မိုက်မဲသည် ။ အဆင်ခြင်ကင်းမဲ့သည် ဟု ယူဆကြသည် ။ သူသည် နာမည်သစ်တစ်ခုကို ခံယူမည်။ ထိုနာမည်တွင် သူ၏ မျိုးနွယ်မည်ရည်း သူ၏ လူတန်းစား ဇာတ်လက္ခဏာကား ထိုနာမည်၌ တွေ့နိုင်မည်။ သူသည် ပိုင်ဆိုင်မှုမှန်သမျှ၊ ကိုယ်ပိုင်ပစ္စည်း မှန်သမျှကို စွန့်ပစ်ခဲ့ပြီးပြီ။ ထို့အတူ လူအဖြစ်တွင် ငြိတွယ်ခဲ့သော သံယောဇဉ် နှောင်ကြိုးတို့ ကိုလည်း ဖြတ်ခဲ့ပြီးပြီ။ အချို့သော ဂိုဏ်းဂဏတို့ ၌ မူ ပုဂ္ဂိုလ် တစ်ယောက်သည် အရာဝါသီ မဖြစ်မီကတည်းက မိမိအသုဘကို မိမိကိုယ်တိုင် သရဏဂုံတင်ပြီး ဖြစ်သည် ။ အရည ဝါသီ တစ်ယောက်သည် တစ်နေရာတည်း၌ အမြဲမနေ။

လှည့်လည်သွားလာကာ လူအများက ပေးကမ်းသည့် အစားအစာ တို့ကိုသာ မှီဝဲစားသောက်သည် ။ ကာလအတန်ကြာ တရားအားထုတ်မည်ဆိုလျှင် လူသူဝေးရာ ဂူတစ်ခုခု၊ သို့မဟုတ် တောတစ်ခုခု၌ တစ်ကိုယ်တည်း သွားရောက်နေထိုင်မည်။

တောထွက်အရည့ဝါသီ အစစ်တွေရှိသလို အတုတွေလည်း ရှိသည် ။ အချို့က လှည့်လည်သွားလာကာ တောင်းရမ်းစားသောက်ရလွယ်အောင် အယောင်ဆောင်ကြသည် ။ အချို့က ကြည်ညိုသူ ပရိသတ်ကို လှည့်ဖြားကာ မြင့်မြတ်သူ တန်ခိုးရှင်အဖြစ် အယောင်ဆောင်တတ်ကြသည် ။ ယောဂီတို့ ကျင့်စဉ်အတိုင်း ကျင့်သည့်အခါ ရှစ်မျိုးသော တန်ခိုး ဣဒ္ဓိပါဒ်တို့ ရလာနိုင်သည် ။ ကိုယ်ပျောက်ခြင်း၊ လောကီစျာန်ရခြင်း၊ သတ္တုကို ရွှေအဖြစ်ပြောင်းနိုင်ခြင်း၊ အာကာသတွင် သွားလာနိုင်ခြင်း၊ တိရစ္ဆာန်နှင့် လူသားတို့ ကို ထိန်းချုပ် စေခိုင်းနိုင်ခြင်း၊ လေထဲတွင် ပျံတက်ကာ အသက်ရှင်နေနိုင်ခြင်း ... စသည် တို့ ဖြစ်သည် ။ ဤတန်ခိုး ဣဒ္ဓိပါဒ်တို့ မှာ တရားကျင့်နေသူတစ်ဦး တစ်ဆင့်ပြီး တစ်ဆင့် တိုးတက်ရရှိလာနိုင်သည့် သဘောပင် ဖြစ်သည် ။ တရားကျင့်နေစဉ် အခါအားလျော်စွာ တန်ခိုး ဣဒ္ဓိပါဒ်အချို့ ရလာသည် လည်း ကြုံရတတ်သည် ။ သို့သော် ယင်းတို့ ကို မိမိအကျိုးစီးပွားအတွက် အသုံးမပြုရ။ နာကျင်မှု ဝေဒနာကို ဖြေဖျောက်ရန်ဖြစ်စေ၊ အခြားသူ တစ်ယောက်ယောက် ဝေဒနာ ခံစားနေရသည် ကို ပြေပျောက်စေရန်ဖြစ်စေ မိမိ၏ တန်ခိုး ဣဒ္ဓိပါဒ်ကို အသုံးပြုနိုင်သည် ။

ယခု ဖော်ပြသည့် ဝတ္ထုတွင် ကျား၏ ဆရာ သူတော်စင် ရသေ့သည် သူ၏ တန်ခိုးဣဒ္ဓိပါဒ်ကို အသုံးပြုလျက် ကျားကို ဘေးအန္တရာယ်မှ ကယ်တင်သည် ။ ထို့နောက် ကျား၏ အတွင်းစိတ်သန္တာန်ကို

ပြောင်းလဲစေသည် ။ ဤနည်းကို အခြေခံလျက် လူနှင့် ကျားတို့ မှာ ပြင်ပ အသွင်သဏ္ဌာန်ချင်း မတူသော်လည်း နည်းလမ်းမှန်ဖြင့်သာ ကျင့်မည်ဆိုလျှင် ရိုးရိုးလူသာမန်၏ အတွင်းစိတ်ကို ပြောင်းလဲအောင် ပြုလုပ်နိုင်သကဲ့သို့ ကျားသတ္တဝါ၏ အတွင်း စိတ်ကိုလည်း ပြောင်းလဲအောင် ပြုလုပ်နိုင်မည် ဖြစ်လေသည် ။

**အာ၊ ကော၊ နာရယန်း**
**(အောက်တိုဘာ၊ ၁၉၈၂)**

*****